## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၇)

### နအဖ၏ ဖွဲ့ စည်းပုံအခြေခံဥပဒေမူများ အရ ဥပဒေပြု လွှတ်တော်၏ အနေအထားကို သုံးသပ်ခြင်း

တိုင်းပြည်တခုကို ဖွဲ့စည်းတည်ဆောက်ရာမှာ အချုပ်အခြာအာဏာကြီး သုံးရပ်ရှိတဲ့အနက် ဥပဒေပြုအာဏာဟာ ပင်မအာဏာကြီးတရပ်ဖြစ်ပါတယ်။ ဥပဒေပြုအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီ ဘယ်လိုကျင့်သုံးသင့်တယ်ဆိုတာကို လေ့လာတဲ့အခါ ပုံသဏ္ဍာန်ထက် အနှစ်သာရပိုင်းကို ပိုပြီးအလေးထားဘို့ လိုပါမယ်။ သို့ မှသာ တိုင်းပြည်အတွက်ရော လူထုအတွက်ပါ အကျိုးရှိပြီး ငြိမ်းချမ်းဖွံ့ဖြိုးတဲ့လူ့အဖွဲ့အစည်းတရပ် ပေါ်ပေါက်လာနိုင်မှာ ဖြစ်တယ်။ ဒါဖြင့်ရင် ဘယ်လိုအနှစ်သာရမျိုးကို ဆိုလိုတာပါလဲ။ တရားမျှတတဲ့ ဥပဒေတွေပေါ်လာစေဘို့ ဥပဒေပြုရေးလုပ်ငန်းစဉ်မှာ လူထုရဲ့ပါဝင်ပတ်သက်မှုကို စနစ်တကျခွင့်ပြုထားတဲ့ ပြဋ္ဌာန်းချက်တွေပါဘို့လိုတယ်ဆိုတဲ့ အနှစ်သာရ ဖြစ်တယ်။

ဒီမိုကရေစီနိုင်ငံတွေကို လေ့လာကြည့်ပါ။ ဥပဒေပြုရေးလုပ်ငန်းစဉ်မှာ လူထုရဲ့ပါဝင်ပတ်သက်မှုကို စနစ်တကျ ခွင့်ပြုထားတာကို တွေ့ရမှာဖြစ်တယ်။ အမေရိကန်ပြည်ထောင်စုမှာ တရားရေးနဲ့ ပတ်သက်ပြီး ဥပဒေတခုခုပြုတော့မယ်ဆိုရင် တရားစီရင်ရေးမှာ လက်ရှိလုပ်ဆောင်နေကြတဲ့ တရားသူကြီးတွေနဲ့ ရှေ့နေအသင်းကြီးတွေ ပါဝင်ပတ်သက်ခွင့်ရစေမယ့် ဆက်စပ်မှုမျိုးကို စနစ်တကျဖန်တည်းပေးထားတယ်။ တရားသူကြီးတွေနဲ့ ဖွဲ့စည်းထားတဲ့ တရားစီရင်ရေးဆိုင်ရာညီလာခံဆိုတာ ရှိတယ်။ တရားစီရင်ရေးဆိုင်ရာ ပြသနာတွေကို အဲသည်ညီလာခံမှာ ဆွေးနွေးကြလေ့ရှိတယ်။ အမေရိကန်ပြည်ထောင်စုမှာ အားကောင်းတဲ့ ရှေ့နေအသင်းကြီးလည်း ရှိတယ်။ လက်ရှိလည်ပတ်နေတဲ့ တရားစီရင်ရေးစနစ်ရဲ့ အားကောင်းချက် အားနည်းချက်တွေကို အတွေ့အကြုံရှိတဲ့ ရှေ့နေကြီးတွေရဲ့ အမြင်အရ သုံးသပ်ကြလေ့ရှိတယ်။ အမေရိကန်ပြည်ထောင်စု တခုလုံးအတွက် ပြုဘို့သင့်တဲ့ တရားစီရင်ရေးဆိုင်ရာ ဥပဒေကြမ်းတွေနဲ့ပတ်သက်ပြီး တရားသူကြီးတွေနဲ့ ဖွဲ့စည်းထားတဲ့ တရားစီရင်ရေးဆိုင်ရာညီလာခံနဲ့ ရှေ့နေကြီးတွေနဲ့ဖွဲ့ စည်းထားတဲ့ လွတ်လပ်တဲ့ ရှေ့ နေအသင်းကြီးတို့ အကြားမှာ ဆက်သွယ်ညှိနိုင်းမှုတွေ လုပ်လေ့ရှိတယ်။ ပြီးတော့ ရရှိလာတဲ့ သဘောထား အခြေခံတွေကို တရားသူကြီးချုပ်က လက်ခံယူပြီး ဥပဒေပြုကွန်ဂရက်လွှတ်တော်ရဲ့ တရားစီရင်ရေးဆိုင်ရာကော်မတီမှာ ထင်ဟပ်တင်ပြမှုတွေ ပြုတယ်။ အဲဒါအပြင် အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးတဲ့ သမ္မတရဲ့ သဘောတူညီမှုရရှိအောင် အစိုးရရှေ့ နေချုပ်ကနေ တဆင့် ဆက်သွယ်ညှိနိုင်းတယ်။ ဒီလိုနည်းနဲ့ တရားစီရင်ရေးဆိုင်ရာ ဥပဒေတွေ ပေါ်ထွက်လာတာဖြစ်တယ်။

အမေရိကန်ပြည်ထောင်စုမှာ လွှတ်တော်နှစ်ရပ်လုံးအတွင်းမှာ ဥပဒေပြုကြပုံတွေကို ရုပ်မြင်သံကြားကနေ ၂၄ နာရီရိုက်ပြီး တိုက်ရိုက်ထုတ်လွှင့်ပေးတယ်။ လူထုက အိမ်ကနေထိုင်ကြည့်ပြီး ငါတို့မဲပေးရွေးချယ် စေလွှတ်လိုက်တဲ့ လွှတ်တော်အမတ်ဟာ လူထုရဲ့ပြသနာတွေကို ကောင်းမွန်စွာလေ့လာခြင်းမရှိဘဲ ပေါက်ကရတွေ လျှောက်ပြီးဆွေးနွေးနေသလား၊ တခြားအမတ်တွေ စိတ်ဝင်တစား ဆွေးနွေးနေကြတဲ့ အချိန်မှာထိုင်ပြီး အိပ်ငိုက်နေသလား ဆိုတာက အစ ကြီးကြပ်ခွင့်ရတယ်။

ဂျာမနီနိုင်ငံရဲ့ ဥပဒေပြုလွှတ်တော်တွေကို လေ့လာခွင့်ရခဲ့ဘူးတယ်။ သူတို့နိုင်ငံရဲ့ အထွဋ်အမြတ် ဂုဏ်ကြက်သရေဆောင်အဖြစ် ဂျာမန်တနိုင်ငံလုံးက ဂုဏ်ယူကြတယ်။ သတင်းထောက်တွေနဲ့ပြင်ပက ပုဂ္ဂိုလ်တွေကို ဘယ်လိုတက်ရောက်လေ့လာခွင့်ပေး၊ မေးမြန်းဖြေကြားမှုတွေပြု၊ အကြံပေးချက်တွေရယူပြီး ဥပဒေပြုတဲ့လုပ်ငန်းစဉ်မှာ လူထုရဲ့ ပါဝင်ပတ်သက်မှုရှိစေဘို့ ဘယ်လိုကြိုးပမ်းဆောင်ရွက်ကြတယ်ဆိုတာကို ရှင်းပြကြတယ်။

ဘယ်လ်ဂျီယံဟာလည်း သေးငယ်ပေမယ့် ဥရောပမှာအချက်အခြာနိုင်ငံတခုဖြစ်တယ်။ ခမ်းနားလှတဲ့လွှတ်တော်အဆောက်အဦကြီးထဲကို ဝင်ရောက်၊ တာဝန်ရှိတဲ့ အရာရှိတွေရဲ့လိုက်ပြရှင်းလင်းမှုတွေကို တဆင့်ပြီးတဆင့် နားထောင်ပြီးတဲ့အခါမှာ သူတို့ နိုင်ငံလူထုတွေဟာ သူတို့ ရဲ့ ဥပဒေပြုလွှတ်တော်ကို ဘာကြောင့် ချစ်မြတ်နိုးတန်ဘိုး

ထားကြတယ်ဆိုတာကို ခံစားမိလာတယ်။ ဘယ်လ်ဂျီယံရဲ့ဥပဒေပြုလုပ်ငန်းစဉ်မှာ အနှစ်သက်ဆုံးအချက်နှစ်ရပ်ရှိတယ်။ တချက်ကတော့ပြုမယ့်ဥပဒေနဲ့ ပတ်သက်ပြီး ပြင်ပကကျွမ်းကျင်တဲ့ ပညာရှင်တွေ၊ အထူးပြုလေ့လာ လုပ်ဆောင်နေတဲ့ လွတ်လပ်တဲ့ လူထုအသင်းအဖွဲ့ တွေက တာဝန်ရှိသူတွေ၊ ပြုမယ့်ဥပဒေကြောင့် နစ်နာသွားနိုင်မယ်လို့ ယူဆရတဲ့ သက်ဆိုင်ရာလူထုတွေကို လွှတ်တော်အတွင်းကို စနစ်တကျဖိတ်ကြားပြီး သူတို့ရဲ့သဘောထားအမြင်တွေကို တင်ပြခွင့် ပြုတာဖြစ်တယ်။ နောက်တချက်ကတော့ ဥပဒေပြုလွှတ်တော်အတွင်းမှာ ပြုမယ့်ဥပဒေနဲ့ ပတ်သက်လို့ ဆွေးနွေးမှုတွေကို စနစ်တကျမှတ်တမ်းတင်ပြီး လူထုအများလေ့လာခွင့်ရအောင် နှစ်စဉ်ပုံမှန်စါအုပ်ထုတ်ဝေဖြန့်ချီခြင်းပါဘဲ။

အိန္ဒိယဟာ ကမ္ဘာမှာ အကြီးဆုံးဒီမိုကရေစီနိုင်ငံအဖြစ် ကျော်ကြားပါတယ်။ အိန္ဒိယမှာ ဥပဒေပြုလွှတ်တော်အမတ်တဦးခြင်းစီတိုင်းဟာ ဩဇာကြီးလှတယ်။ တချိန်ထဲမှာလသည်အမတ်တွေဟာ လူထုရဲ့သဘောထားဆန္ဒကို တလေးတစါး လေ့လာကြရတယ်။ သူတို့အကြံပေးတဲ့အတိုင်း မလုပ်လို့ဆိုပြီး လူထုကမကြေနပ်တဲ့အတွက် အဲသည်အမတ်ရဲ့အိမ်ခြံဝင်းထဲအထိ ဝင်ရောက်၊ တဲကလေးတွေထိုး၊ လနဲ့ချီပြီးနေ ထိုင်ကြ၊ အဲသည် အမတ်က မနက်ရုံးတက်သွား၊ ညနေရုံးဆင်းလာဘို့ အိမ်ကနေအထွက်အဝင်လုပ်တဲ့အခါတိုင်းမှာ လက်သီးလက်မောင်းတန်းပြီး ဒို့အရေး ဒို့အရေးနဲ့ ထွက်ထွက်ဆန္ဒပြကြတဲ့မြင်ကွင်းကို ကိုယ်တိုင်လေ့လာခဲ့ဘူးပါတယ်။

ဖိလစ်ပိုင် နဲ့ ထိုင်း နိုင်ငံတွေဟာ ဒီမိုကရေစီနိုင်ငံ စစ်စစ်အဖြစ်ကိုရောက်နေပြီလို့ ပြောရခက်ပါသေးတယ်။ ပြသနာတွေ အများကြီးကို ရင်ဆိုင်နေရဆဲပါ။ ဒါပေမယ့် ဥပဒေပြုလွှတ်တော်တွေ ဖွဲ့စည်းလည်ပတ်လုပ်ဆောင်ကြပုံတွေများစွာ စနစ်ကျလာပြီဆိုတာကို လေ့လာခဲ့ရဘူးပါတယ်။ အဲသည် နှစ်ခုစလုံးမှာ လူထုရဲ့ပါဝင်ပတ်သက်မှုကို စနစ်တကျ ခွင့်ပြုလာတာဟာ သူတို့ဥပဒေပြုလွှတ်တော်တွေရဲ့ အသက်သွေးကြောဖြစ်လာတယ်လို့ ပြောရမှာပါဘဲ။ ဖိလစ်ပိုင်နိုင်ငံမှာ လွှတ်တော်အမတ်တွေဟာ သူတို့ရဲ့နေအိမ်တွေမှာ အချိန်သတ်မှတ်ပေးပြီး လူထုနဲ့တွေ့ဆုံဆွေးနွေးဘို့ ရုံးခန်းကလေးတွေ ကိုယ်စီဖွင့်ထားကြတယ်။ သူတို့ကို မဲပေးရွေးချယ်ထားတဲ့ လူထုတွေက အဲသည်မှာ လာရောက်တွေ့ဆုံကြပြီး လွှတ်တော်မှာ ဘယ်လိုဥပဒေတွေ ပြုသင့်တဲ့အကြောင်း အကြံပေးကြလေ့ရှိတယ်။ နိုင်ငံခြားရေးရာတွေနဲ့ ပတ်သက်ရင်လည်း ဖိလစ်ပိုင်လွှတ်တော်ဟာ လိုအပ်မယ်လို့ယူဆရင် နိုင်ငံခြားက ပုဂ္ဂိုလ်တွေကို ပါဖိတ်ကြားပြီး လွှတ်တော်အတွင်းမှာ ရှင်းလင်းဆွေးနွေးကြားနာမှုတွေ လုပ်လေ့ရှိပါတယ်။ မြန်မာနိုင်ငံအရေးနဲ့ ပတ်သက်လို့ အခြားဒီမိုကရေစီရေး လှုပ်ရှားသူခေါင်းဆောင်တချို့နဲ့ အတူမိမိလည်းတက်ရောက်ဆွေးနွေး တင်ပြခဲ့ဘူးပါတယ်။

ထိုင်း ဥပဒေပြုလွှတ်တော်နဲ့ပတ်သက်လို့ မှတ်မှတ်သားသား တင်ပြစရာ အချက်အချို့ ရှိပါတယ်။ ပထမဆုံးအချက်ကတော့ ထိုင်းနိုင်ငံမှာ အတွေ့အကြုံမရှိသေးတဲ့ ကိစ္စရပ်တွေနဲ့ ပတ်သက်လာရင် တက္ကသိုလ်က ပညာရှင်တွေ၊ လူထုအသင်းအဖွဲ့တွေက ကျွမ်းကျင်သူတွေကို ဖိတ်ကြားရှင်းလင်းစေပြီး လွှတ်တော်အမတ်တွေက တလေးတစါးနားထောင်ကြတဲ့အချက်ဖြစ်ပါတယ်။ လူ့အခွင့်အရေး ကော်မရှင်ဆိုင်ရာ ဥပဒေကိုပြဌာန်းတော့မယ့် ကာလမှာ ထိုင်းတက္ကသိုလ်တွေ၊ ပညာရှင်တွေ၊ လူ့အခွင့်အရေး အဖွဲ့အစည်းတွေအကြားမှာ အချင်းချင်းလေ့လာ ဆွေး နွေးမှုအမြင်ဖလှယ်မှုတွေ ပြင်းထန်ခဲ့တယ်။ အဲသည်အခါမှာ ထိုင်း လွှတ်တော်ကနေပြီး ချူလာလောင်ကောင်း တက္ကသိုလ်က ဥပဒေပညာ ပါမောက္ခဝစ်တစ် မွန်တဟွန်ကို ဖိတ်ကြားရှင်းလင်းစေခဲ့တယ်။ လွှတ်တော် အမတ်တွေဟာ သူ့ရဲ့ရှင်းပြချက်တွေကို ကျောင်းသားကလေးတွေ လိုက်ရေးမှတ်သလို ရေးမှတ်ကြ၊ မေးကြမြန်းကြတာတွေကို လေ့လာခဲ့ဘူးပါတယ်။ ပညာရှင်တွေကို သည်လိုတန်ဘိုးထားတဲ့ ဥပဒေပြုရေး လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ထိုင်းမှာ စစ်အစိုးရဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတခုကို အတည်ပြုနိုင်ဘို့ မကြာမီမှာတင်ဘဲ လူထုဆန္ဒခံယူပွဲကျင်းပတော့မှာ ဖြစ်တယ်။ အတည်ပြု မပြု သဘောထားယူတော့မယ့် ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မြန်မာနိုင်ငံမှာ နအဖရေးဆွဲထားတဲ့ ဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူတွေ အပေါ်နှိုင်းယှဉ် လေ့လာတဲ့ ဆွေးနွေးပွဲတခုကို ယခုဩဂုတ်လ (၅) ရက်နေ့ က ဘန်ကောက်မြို့ သမာဆတ်တက္ကသိုလ်မှာ ကျင်းပခဲ့တယ်။ သမာဆတ် တက္ကသိုလ်က ဆရာ ဆရာမတွေနဲ့ ကျောင်းသူ

ကျောင်းသားတွေ၊ လူထုအသင်းအဖွဲ့အချို့က ခေါင်းဆောင်တွေ၊ မြန်မာ့အရေး တက်ကြွလှုပ်ရှားသူတွေနဲ့ ရှေ့နေတချို့၊ စုစုပေါင်း လူ (၁၅၀) ကျော်ခန့် တက်ရောက်ခဲ့တယ်။ ဟောပြော ဆွေးနွေးလို့အပြီးမှာ လက်ရှိထိုင်း စစ်အစိုးရက ဖွဲ့စည်းပေးထားတဲ့ အမျိုးသား ဥပဒေပြုလွှတ်တော် (National Legislative Assembly) နဲ့ ဆက်စပ်တာဝန် ရှိတဲ့ ပုဂ္ဂိုလ်တဦးက အခုလိုမျိုးဆွေးနွေးမှုကို သူတို့ရဲ့ အမျိုးသားဥပဒေပြုလွှတ်တော်ထဲမှာ လာရောက်လုပ်ဆောင်ပေးလို့ရမလားလို့ ကမ်းလှမ်းပါတယ်။ ဆိုလိုခြင်တာကတော့ စစ်အစိုးရ အုပ်ချုပ်နေတဲ့ ကာလအတွင်းမှာ သည်ပင်လျှင် ထိုင်းနိုင်ငံရဲ့ ဥပဒေပြုရေး လုပ်ငန်းစဉ်တွေမှာလူထုရဲ့ ပါဝင်ပတ်သက်မှုတိုးလာတဲ့ ရေချိန်ဘယ်လောက်မြင့်သလဲဆိုတာ သည်အချက်က သက်သေပြပါတယ်။

ဥပဒေပြုရေး လုပ်ငန်းစဉ်နဲ့ စပ်လျှဉ်းလို့ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းကို ၁၉၆၂ ခုနှစ် စစ်တပ်အာဏာသိမ်းခဲ့စဉ်ကစလို့ ပြန်ကြည့်ပါ။ နှစ်ပေါင်း လေးဆယ့်ငါးနှစ်ကြာကာလအတွင်းမှာ ဥပဒေပြုရေး လုပ်ငန်းစဉ်ကိုလျှို့ဝှက်ချက်ကြီးလို ကျင့်သုံးခဲ့တာကြောင့် လူထုရဲ့အခန်းကဏ္ဍပျောက်ဆုံးနေတာကို အောက်ပါအတိုင်းတွေ့ရမှာ ဖြစ်တယ်။ ဥပဒေပြုအဖွဲ့ တွေကနေဥပဒေတွေ ပြုကြတော့မယ့်အခါမှာ ဥပဒေပြုတော့မယ့် အကြောင်းရပ်နဲ့ ပတ်သက်လို့

(၁) လူထုဆီကနေ သဘောထားဆန္ဒကောက်ယူတာ တကြိမ်တခါမှ မရှိခဲ့။
(၂) သတင်းစါ တွေကနေတဆင့် တင်ပြခွင့် မပေးခဲ့။
(၃) လူထုအသင်းအဖွဲ့ တွေကနေ တင်ပြတယ် ဆိုတာလည်း မရှိခဲ့။
(၄) ပညာရှင်တွေရဲ့ သုတေသနပြုချက်တွေကို အလေးထားဆွေးနွေးပြီး ဥပဒေပြုခဲ့တာမျိုးလည်း မရှိခဲ့။
(၅) တက္ကသိုလ်တွေမှာ ဆွေးနွေးခြင်းခုံမှုတွေလည်း ခွင့်မပြုခဲ့။
(၆) ပေါ်လာမယ့် ဥပဒေကြောင့် နစ်နာသွားနိုင်သူ သက်ဆိုင်သူများကို ဖိတ်ခေါ်တင်ပြခွင့် ပြုတာမျိုးလည်းမရှိခဲ့။
(၇) လွှတ်တော်အတွင်း ဆွေးနွေးနေစဉ်မှာ လွတ်လွတ်လပ်လပ် တက်ရောက်နားထောင်ခွင့် မပြုခဲ့။
(၈) လွှတ်တော်အတွင်း ဆွေးနွေးပွဲများကိုလည်း ရုပ်မြင်သံကြားများ ရိုက်ယူ၍ ဖြန့်ချီခွင့် မပြုခဲ့။
(၉) လွှတ်တော် ဆွေးနွေးပွဲမှတ်တမ်းများကို ပုံမှန်စနစ်တကျ ထုတ်ဝေဖြန့်ချီခြင်း မရှိ။ လေ့လာဖတ်ရှုခွင့် မပြုခဲ့။

ဒီလိုအကြောင်းအချက်တွေကြောင့် ဥပဒေပြုရေးလုပ်ငန်းစဉ်မှာ လူထုအနေနဲ့ ပါဝင်ပတ်သက်ကောင်းကျိုးပြုပြီး တိုင်းပြည်အတွက် အကျိုးရှိမယ့် ဥပဒေတွေ ပေါ်လာအောင်လုပ်ခွင့်ရဘို့ဝေးလို့ ဥပဒေပြုရေးအတွက် ဘာတွေဆွေးနွေးနေကြတယ် ဆိုတာကိုတောင် လူထုက ဘာမှမသိခဲ့တာပါဘဲ။ ရလာဒ်အနေနဲ့ ကတော့ လူတဦးခြင်းစီရဲ့ အခြေခံလွတ်လပ်မှုတွေကိုရော၊ တိုင်းပြည်ရဲ့ တိုးတက်ဖွံ့ဖြိုးမှုအတွက်ကိုပါ အကျိုးမပြုတဲ့မတရားတဲ့ ဥပဒေတွေ တလျှောက်လုံးပေါ်လာတော့တာဘဲ ဖြစ်ပါတယ်။

ဒါကြောင့် တရားမျှတတဲ့ ဥပဒေတွေ ပေါ်လာစေဘို့ ဥပဒေပြုရေး လုပ်ငန်းစဉ်မှာ လူထုရဲ့ ပါဝင်ပတ်သက်မှုကို စနစ်တကျ ခွင့်ပြုထားတဲ့ ပြဋ္ဌာန်းချက်တွေ အနာဂါတ်မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါဘို့လိုပါတယ်။ နအဖရဲ့ ဖွဲ့စည်းပုံမူတွေထဲမှာတော့ တခုမျှမတွေ့ရပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။